# မြသန်းတင့်

# စစ်နှင့်ငြိမ်းချမ်းရေး –၄

## WAR AND PEACE

LEO TOLSTOY



# စစ်နှင့်ငြိမ်းချမ်းရေး ဒုတိယတွဲတွင် ပါဝင်သော မှတ်စုများ
(ဘေးမှ ဂဏာန်းများ သည် စာမျက်နှာနံပါတ်များ ဖြစ်ပါသည် ။)

[‘စစ်နှင့်ငြိမ်းချမ်းရေး’ ဝတ္ထုကြီးတွင် ပါရှိသည့် အချို့အချက်အလက်များ နှင့် အချို့ ဇာတ်ဆောင်များ သည် သမိုင်းထင်ရှားခဲ့သည့် အချက်အလက်များ နှင့် ပုဂ္ဂိုလ်များ ဖြစ်ပါသည် ။ ထို့ကြောင့် ယင်းတို့ နှင့်စပ်လျှားသည့် သိအပ်ဖွယ်ရာများကို မှတ်စုများ ဟူသော ခေါင်းစဉ်ဖြင့် ပထမတွဲတွင် စုပေါင်းဖော်ပြခဲ့ပြီး ယခု ဒုတိယတွဲတွင် ပါဝင်သော မှတ်စုများကိုလည်း ဆက်လက် ဖော်ပြလိုက်ပါသည် ။

## ၇၆၇။ ကုန်သွယ်မှုပိတ်ဆို့ရေးဝါဒ။

ကွန်တီနင်တယ် ဆစ်စ်တင်ကို ဆိုလိုခြင်းဖြစ်သည် ။ နပိုလီယန်သည် ကုန်သွယ်မှု ပိတ်ဆို့ရေး ဝါဒကို ၁၈၀၆-ခုနှစ်တွင် ထုတ်ပြန်သည် ။ ထိုပြန်တမ်းအရ နပိုလီယန်၏ မဟာမိတ် ဥရောပနိုင်ငံ များ သည် အင်္ဂလိပ်ကုန်များကို သပိတ်မှောက်ကြသည် ။

အင်္ဂလိပ်ကုန်သင်္ဘောများ ဆိပ်ကမ်းဝင်ခွင့် ကို ပိတ်ပင်ထားရမည်။

ဤဝါဒကြောင့် ဥရောပနိုင်ငံများ စွာ စီးပွားရေး ပျက်ပြားကြသည် ။ နစ်နာကြသည် ။ ကုန်ခိုးသွင်းမှုများ ပေါ်ပေါက်ခဲ့သည် ။ အင်္ဂလိပ်ကုန်များကို သပိတ်မှောက်ရမည် ဆိုသော်လည်း လက်တွေ့၌ အခက်အခဲ ကြုံကြရသည် ။

နပိုလီယန်ကိုယ်တိုင်ပင် ထိုဝါဒကို အတိအကျလိုက်နာ၍ မဖြစ်သဖြင့် အချို့သော အင်္ဂလိပ် ကုန်များကို ပြင်သစ်ပြည်တွင်းသို့ တင်သွင်းခွင့်ပြုရသည် ။ အင်္ဂလိပ်ကုန်ကို သပိတ်မှောက်သဖြင့် အထိခိုက်ဆုံးနိုင်ငံမှာ ရုရှားဖြစ်သည် ။ ထို့ကြောင့် ရုရှားသည် အင်္ဂလိပ်ကုန်များကို တင်သွင်းရသည် ။ ထိုအခါတွင် ဤသို့တင်သွင်းခြင်းမှာ ကုန်သွယ်မှု ပိတ်ဆို့ရေးဝါဒကို ရုရှားက ချိုးဖျက်သည် ဟု နပိုလီယန်က စွပ်စွဲခဲ့သည် ။ သို့ဖြင့် ထိုအကြောင်းပြချက် အပါအဝင် အခြားသော အကြောင်းပြချက် များဖြင့် နပိုလီယန်သည် ၁၈၁၂ ခုနှစ်၌ ရုရှားကို ဝင်တိုက်ခဲ့သည် ။

**၇၆၉။ နပိုလီယန်က ၎င်း၏ တပ်များကို ဗစ်စကြူလာမြစ်တစ်ဖက်ကမ်းသို့ ဆုတ်ခွာပေးရန် ငြင်းဆန်ခြင်း။**

ဤသည် မှာ ရုရှားဘုရင်၏ နောက်ဆုံးတောင်းဆိုချက်ဖြစ်သည် ။ ထိုတောင်းဆိုချက်ကို နပိုလီယန်က ပယ်ချလိုက်ပြီးသည့်နောက် ၁၈၁၂-ခုနှစ် စစ်ပွဲကြီး ပေါ်ပေါက်လာခဲ့သည် ။

**၇၇၃။ ဥရောပထီးဆောင်းမင်းများက မိမိအား ဒရက်စဒင်မြို့တွင် လာရောက်သစ္စာခံကြ သည့် ၌ နပိုလီယန်သည် လွန်စွာ ဘဝင်ခွေ့လျက်ရှိခြင်း။**

စစ်ပွဲမဖြစ်မီ ၁၈၁၂-ခု မေလ၌ နပိုလီယန်သည် ဂျာမနီပြည် ဒရက်စဒင်မြို့တွင် တစ်လကြာမျှ နေထိုင်ခြင်းပြုသည် ။ ထိုစဉ် ဩစတြေးရီးယားဧကရာဇ်၊ ပရပ်ရှားဘုရင်၊ ဆက်ဇံနီဘုရင်တို့ နပိုလီယန်ထံ လာရောက်သစ္စာခံကြသည် ။

## ၇၇၆။ နပိုလီယန်သည် ပိုလန်စစ်သူကြီးဝတ်စုံဝတ်ဆင်သည့်အခန်းနှင့် ပိုလန်မြင်းတပ်များ ဝိလိယမြစ်ကို ဖြတ်ကူးခန်း။

ဤအခန်းများကို ရေးသားရာ၌ ဆရာကြီး တော်လ်စတွိုင်းသည် ရုရှား ရာဇဝင်ဆရာဒင်နီ လော့စကီနှင့် ပြင်သစ်ရာဇဝင်ဆရာသိုင်းယာ့စ်တို့ ၏ ရာဇဝင်ကျမ်းများကို ကိုးကားရေးသည် ။ ထိုစဉ်က ပိုလန်လူမျိုးတို့ သည် နပိုလီယန်ဘက်မှ ဝင်တိုက်ပေးခြင်းဖြင့် ပိုလန်ပြည် လွတ်လပ်ရေး ရလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည် ။ နပိုလီယန်ကလည်း လွတ်လပ်ရေး ပေးမယောင် လေသံပစ်ခဲ့ သည် ။ သို့ရာတွင် မရခဲ့။

## ၇၇၇။ နပိုလီယန်နှင့် ရင်ဆိုင်ရန်အတွက် ဖွဲ့စည်းသော ရုရှားတပ်မတော်ကြီးလေးခု။

၎င်းတို့ မှာ (၁) ဗိုလ်ချုပ်ဘာကလေ ကွပ်ကဲသည့် အနောက်ဘက်ကြောင်းချီ တပ်မတော်။ (၂) ဗိုလ်ချုပ်ဘာဂရေးရှင်း ဦးစီးသည့် တောင်ဘက်ကြောင်းချီ တပ်မတော်။ (၃) ဗိုလ်ချုပ်တိုမာဆော့ဗ် ဦးစီးသည့် အရန်တပ်မတော်။ (၄)ဗိုလ်ချုပ်

ချီချာဂေါ် ဦးစီးသည့် စတုတ္ထတပ်မတော်တို့ ဖြစ်၏။

## ၇၇၇။ ဗိုလ်ချုပ် ဘာဂလေ ဒီ-တိုလီ (၁၇၆၁-၁၈၁၈)။

ရုရှားပြည်ပေါက် ဂျာမနီနှင့် စကော့ကပြားဖြစ်သည် ။ ၎င်းမှာ ၁၈၁၀-၁၃ ခုနှစ်တွင် ရုရှား နိုင်ငံ စစ်ဝန်ကြီး ဖြစ်သည် ။ ထို့နောက် စစ်သေနာပတိချုပ်အဖြစ် ဆောင်ရွက်သည် ။ စမိုးလင့်ကျ ပြီးနောက် စစ်သေနာပတိချုပ်အဖြစ်မှ နုတ်ထွက်သည် ။ ၎င်းနေရာတွင် ကူတူဇော့ဗ် အမှုထမ်းသည် ။ ဘိုရိုဒီနိုတိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့သည် ။ ၁၈၁၃-ခုနှစ်တွင် စစ်သေနာပတိချုပ်အဖြစ် ခံရပြန် သည် ။ ၁၈၁၄-တွင် စစ်သူကြီးအဖြစ် အမှုထမ်းသည် ။

## ၇၇၇။ မင်းသားကြီး ဘာဂရေးရှင်း (၁၇၆၅-၁၈၁၂)။

ထင်ရှားသော ရုရှားဗိုလ်ချုပ်တစ်ဦးဖြစ်သည် ။ ရွှန်ဂရာဘန်တိုက်ပွဲ၊ သြစတားလစ်တိုက်ပွဲတို့ ၌ ရဲဝံ့စွာအမှုထမ်းခဲ့သူ ဖြစ်သည် ။ ဗိုရိုဒီနိုတိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့သည် ။ ထိုတိုက်ပွဲတွင် ရရှိခဲ့သော ဒဏ်ရာဖြင့် ကွယ်လွန်သည် ။

## ၇၈၀။ ပြည်ထဲရေးဝန် ရှိုရှကော့ဗ် (၁၇၅၄-၁၈၄၁)။

ရေကြောင်း ဗိုလ်ချုပ်ကြီးဖြစ်သည် ။ စပီရန်စကီ အရာကျပြီးနောက် ၎င်း၏ နေရာတွင် ပြည်ထဲရေးဝန်အဖြစ် အမှုထမ်းသည် ။

## ၇၈၀။ စစ်သူကြီးမင်းသားကြီး ဆာတီကော့ဗ် (၁၇၃၆-၁၈၁၆)။

အလက်ဇန်းဒါးဘုရင်၏ မင်းဆရာဖြစ်ခဲ့ဖူးသည် ။ ၁၈၁၁-ခုနှစ်တွင် စစ်သူကြီးအဖြစ်နှင့် လွှတ်ရုံးဝန်ကြီးများ အဖွဲ့ သဘာပတိအဖြစ် အမှုထမ်းခဲ့သည် ။

## ၇၈၀။ နောင်တော်၏ သံတော်ကြီး မြို့စားကြီး လော့ရစ်စတန် (၁၇၆၈-၁၈၂၈)။

၁၈၁၂- ခု ပီတာစဘတ်တွင် အမှုထမ်းနေသည့် နပိုလီယန်၏ သံအမတ်ကြီးဖြစ်သည် ။ အမြောက်တပ်သင်တန်းကျောင်းတွင် နပိုလီယန်နှင့်အတူ သင်တန်းတက်ခဲ့သည် ။

## ၇၈၀။ နောင်တော်ကြီး နိုင်ငံခြားရေးဝန်နယ်စားကြီး ဘာဆာနို (၁၇၆၃- ၁၈၃၉)။

၁၈၁၁-၁၂- ခုနှစ်တွင် နပိုလီယန်၏ နိုင်ငံခြားရေးဝန်အဖြစ် အမှုထမ်းခဲ့သည် ။

## ၇၈၀။ သက်တော်စောင့် ရပ်စတန်။

ရပ်စတန်မှာ အီဂျစ်မြင်းတပ်ဗိုလ်တစ်ဦးဖြစ်သည် ။ ၁၇၈၉- ခုနှစ်က နပိုလီယန်သည် အီဂျစ် ပြည်ကို တိုက်ခဲ့သည် ။ အီဂျစ်စစ်ပွဲ၌ ရပ်စတန်ကိုတွေ့ရာ လွန်စွာနှစ်သက်သဖြင့် မိမိနှင့်အတူ

တစ်ပါတည်းခေါ်ကာ သက်တော်စောင့်အဖြစ် ခန့်ထားသည် ။ ထိုစဉ်မှစ၍ ရပ်စတန်သည် နပိုလီယန် သေသည် အထိ နပိုလီယန် အထူးယုံကြည်စိတ်ချရသော သက်တော်စောင့်ကြီး ဖြစ်သည် ။ နပိုလီယန် ကွယ်လွန်ပြီး မကြာမီ ရပ်စတန်လည်း ကွယ်လွန်ခဲ့သည် ။

**၇၈၉။ နပိုလီယန်နှင့် ရုရှားဘုရင်၏ တမန်တပ်ရေးချုပ် ဗလရှေတို့၏ စကားများ ။**

၎င်းတို့ ကို ရုရှား ရာဇဝင်ဆရာ ဒင်နီလေဝ့်စကီ၊ ပြင်သစ်ရာဇဝင်ဆရာ သိုင်းယာ့စ်၏ ရာဇဝင်ကျမ်းများကို ကိုးကားရေးသားခြင်း ဖြစ်သည် ။

**၇၉၃။ "စတိန်း၊ အမ်းဖဲ ဘင်နစ်ဆန်၊ ဝန်ဇင်ဂျီရိုဒီ စသည့် ငါ၏ ရန်သူများကို ဗိုလ်ချုပ်၊ ဗိုလ်မှူး၊ စစ်ဦး စစ်ကဲ ခန့်ချေသည် ။**

**စတိန်း (၁၇၅၇- ၁၈၁၃)။**

ဂျာမန်လူမျိုးဖြစ်သည် ။ ဂျာမန်ဘုရင်အောက်တွင် ဝန်ကြီးအဖြစ် အမှုထမ်းခဲ့ဖူးသည် ။ ဂျာမန် စစ်တပ်ကြီးကို ပြန်လည်ဖွဲ့စည်းခဲ့သည် ။ နပိုလီယန်က စတိန်းအား အရာမှ နုတ်ပယ်၍ ဂျာမနီမှ နှင်ထုတ်ရန် ဂျာမန်ဘုရင်ထံတောင်းဆိုသည် တွင် စတိန်းသည် ရုရှားနိုင်ငံသို့ ထွက်ပြေးလာကာ အလက်ဇန်းဒါးဘုရင်ထံတွင် ဝင်ရောက်အမှုထမ်းသည် ။ ရုရှားမှ နေ၍ နပိုလီယန် ဆန့်ကျင်ရေး ဥရောပမဟာမိတ်ဖွဲ့ရန် ဆော်သြခဲ့သည် ။ နပိုလီယန်ကို

တစ်သမတ်တည်း ဆန့်ကျင်ခဲ့သူ ဖြစ်သည် ။

### ၇၉၃။ အမ်းဖဲ (၁၇၅၇-၁၈၁၄)။

ဆွီဒင် ဗိုလ်ချုပ်တစ်ဦး ဖြစ်သည် ။ ဆွီဒင်မှ နှင်ထုတ်ခြင်းခံရသည် ၌ ရုရှားပြည်တွင် လာရောက်ခိုလှုံသည် ။ ရုရှားဘုရင် အလက်ဇန်းဒါး၏ ယုံကြည်အားထားမှုကို ခံရသူဖြစ်သည် ။

### ၇၉၃။ ဘင်နစ်ဆန် (၁၇၄၅-၁၈၂၆)။

ဂျာမန်လူမျိုးဖြစ်၍ နောင်တွင် ရုရှားဘုရင်ထံအမှုထမ်းသည် ။ ပူလတပ်တိုက်ပွဲတွင် ပြင်သစ် တို့ ကို အနိုင်ရခဲ့သည် ဟု ဆိုကြသည် ။ (အပိုင်း(၅) အခန်း(၉)မှ ဘီလီဘင်၏ စာကိုရှု။) ၁၈၀၇-ခု ပရာဆစ် က္လလောတိုက်ပွဲ၌ စစ်သေနာပတိချုပ်အဖြစ် အမှုထမ်းခဲ့သည် ။ ၁၈၀၇-ခု ဖရိလင်းတိုက်ပွဲ တွင် အရေးနိမ့်ခဲ့သည် ။ ဘိုရိုဒီနိုတိုက်ပွဲတွင် ဝင်ရောက်တိုက်ခိုက်၍ ပြင်သစ်ဗိုလ်ချုပ် မူးရတ်ကို အနိုင်ရလိုက်သည် ။ စစ်သေနာပတိချုပ် ကူတူဇော့ဖ်နှင့် မတည့်၍ စစ်မှုထမ်းဘဝမှ နုတ်ထွက်သည် ။ စစ်သေနာပတိချုပ် ကူတူဇော့ဖ်ကွယ်လွန်သည့်နောက် ရုရှားတပ်မတော်သေနာပတိချုပ် ဖြစ်လာ သည် ။

### ၇၉၃။ဝန်ဇင်ဂယီရိုဒီ (၁၇၇၀-၁၈၁၈)။

ဩစတြေးရီးယန်းလူမျိုးဖြစ်သည် ။ နောင်တွင် ရုရှားစစ်ဘက်၌ ဝင်ရောက်အမှုထမ်းသည် ။ ၁၈၁၂- ခုနှစ်၌ ပီတာစဘတ်မြို့သွား

လမ်းမကြီးကို ကာကွယ်ရန် ရုရှားဘုရင်က တပ်မှူးခန့်သည် ။ ပြင်သစ်တို့ လက်သို့ သုံ့ပန်းအဖြစ် ကျရောက်စဉ် ရုရှားတပ်များက ပြန်၍ ကယ်ခဲ့သည် ။ ၁၈၁၃-ခု လိုက်ပဇစ်တိုက်ပွဲ၌ မဟာမိတ်မြင်းတပ်ပေါင်းစုံ သေနာပတိအဖြစ် ဆောင်ရွက်ခဲ့သည် ။

၇၉၄။ဖူးဝဲလ် (၁၇၅၁-၁၈၂၆)။

ပရပ်ရှား မိုလ်ချုပ်တစ်ဦးဖြစ်၍ ဂျီနာနှင့် သြစတတ်တိုက်ပွဲပြီးသည့်နောက် ရုရှားတပ်မတော် တွင် ဝင်ရောက်အမှုထမ်းသည် ။ ၁၈၁၂-ခု ရုရှား ထိုးစစ်စီမံကိန်းကြီးကို ရေးဆွဲခဲ့သူဖြစ်သည် ။

**၇၉၄။ "သင်တို့ တပ်များ ခါးလယ်မှ ရိုက်ချိုးခြင်းခံရသကဲ့သို့ နှစ်ပိုင်းပြတ်၍ ပိုလန်ပြည်မှ ထွက်ပြေးကြရပြီမဟုတ်လော"**

တပ်ရေးချုပ် ဗလရှေက ဤအချက်ကိုငြင်းသော်လည်း အမှန်ဖြစ်သည် ။ ရုရှားတပ်များ သည် နှစ်ပိုင်းပြတ်၍ ပိုလန်မှ ဆုတ်လာခဲ့ကြရသည် ။ ဘာဂရေးရှင်း၏ တပ်နှင့် ဘာကလေ၏ တပ်နှစ်တပ် သည် အကွဲကွဲဖြစ်ကာ စမိုးလင့် ကျမှ တပ်ချင်း ပေါင်းမိနိုင်ခဲ့ကြသည် ။

**၇၉၅။ "သင်တို့ တင်သောဘုရင် ဘာနာဒေါ့သည် ရှုံးသွပ်ပြီမဟုတ်လော"**

**ဘာနာဒေါ့ (၁၇၆၄-၁၈၄၄)**

၎င်း မှာ မင်းမျိုးမဟုတ်။ ရှေ့နေတစ်ဦး၏ သားဖြစ်သည် ။

ပြင်သစ်တော်လှန်ရေးမဖြစ်မီက ပြင်သစ် စစ်တပ်တွင် တပ်သားအဖြစ် အမှုထမ်းသည် ။ နောင်တွင် ပြင်သစ် စစ်သူကြီးဖြစ်လာသည် ။ ပြင်သစ်တော်လှန်ရေးအပြီး နပိုလီယန် တက်လာသောအခါ ဆွီဒင်ပြည်သို့ ထွက်ပြေးသည် ။ ၁၈၁၀- ခုနှစ်တွင် ဆွီဒင်ဘုရင် ရှုံးသွပ်သွားသည့်အခါ၌ ဆွီဒင်လူမျိုးတို့ က ၎င်းကို မင်းမြှောက်ကြသည် ။

## ၇၉၇။ ပြင်သစ်စစ်သူကြီးဘက်ဆီရေး (၁၇၆၃-၁၈၁၃)။

၁၇၉၀-ခုနှစ် အီတလီယန် တိုက်ချိန်မှ စ၍ အမှုထမ်းခဲ့သည် ။ ဩစတားလစ်တွင် ရုရှားတပ် များကို အောင်မြင်ခဲ့သည့် ကျွန်းဆွယ်စစ်ပွဲကို ကွပ်ကဲတိုက်ခိုက်ခဲ့သည် ။ ၁၈၁၂-ခု ဘိုရိုဒီနို တိုက်ပွဲ၌ ပြင်သစ်ကိုယ်ရံတော်မြင်းတပ်ကို ကွပ်ကဲသည် ။ ၁၈၁၃-ခုနှစ်၌ နပိုလီယန်မြင်းတပ်မကြီးများ ၏ သေနာပတိအဖြစ် ခန့်အပ်ခြင်းခံရသည် ။ ခန့်အပ်ပြီး သုံးရက်အကြာ တိုက်ပွဲတွင် ကျဆုံးသည် ။

## ၇၉၇။ ပြင်သစ်စစ်သူကြီး ဘာသီးယား (၁၇၅၃-၁၈၁၅)။

နပိုလီယန်၏ စစ်ဦးစီးချုပ်အဖြစ် နှစ်ပေါင်းများ စွာ အမှုထမ်းခဲ့သည် ။ ၁၈၁၅- စစ်ရှုံး၍ ပြင်သစ်ပြည်သို့ ပြန်ဆိုလာခဲ့ရကာ ပြင်သစ်နယ်စပ်မြို့ကလေးတစ်မြို့တွင် တပ်စွဲ၍ ရုရှားတို့ ကို ခုခံသည် ။ နယ်စပ်မြို့ကလေးထဲသို့ ရုရှားတပ်မကြီးများ ဝင်လာခြင်းကို မြင်ရသည် ၌ စိတ်မထိန်းနိုင် ပဲ အိမ်အပေါ်ထပ် ပြတင်းပေါက်မှ ခုန်ချကာ အဆုံးစီရင်သွားသည် ။

***